မင်းမြတ်သူရ

# မိုးမခ" ရတနာသိုက်



တစ်နေ့သ၌ မြန်မာပြည်မြေလတ်ပိုင်းဒေသရွာကလေးတစ်ရွာရှိ ဆင်းရဲလွန်းသဖြင့် တစ်ရွာလုံး၏ ခိုင်းဖက်ဖြစ်နေသော မိုးသီးဆိုသော လူငယ်လေးသည် မန်ကျည်းပင်ကြီးအောက်တွင် ထိုင်၍ ထင်းများကို ပင်ပန်းကြီးစွာခွဲခြမ်းနေလေ၏။

မိုးသီးသည် အသက် (၁၅)နှစ်ခန့်သာရှိသေးသဖြင့် ငယ်ရွယ်နုနယ်သေးသော်လည်း မရှိဆင်းရဲရှာလွန်းသဖြင့် ကြမ်းတမ်းသော အလုပ်များကို ပင်ပန်းကြီးစွာ လုပ်ကိုင်ရရှာ၏။

မိုးသီးသည် မနက်မိုးလင်းကတည်းက မည်သည့် အစာကိုမျှ မစားရသေးသဖြင့် ဗိုက်ထဲတွင် တကြုတ်ကြုတ်မည်နေလေ၏။ ထင်းပုံကြီးမှ ထင်းများ လျော့နည်း လာပြီးဖြစ်သော်လည်း တစ်ဝက်မျှ ကျန်နေသေး၏။

ထိုအခိုက်မှာ ပင် အပျိုကြီးမရွှေပုသည် သံဇလုံတစ်ချပ်ကိုကိုင်၍ အနီးသို့ရောက် လာပြီး

'' ဟဲ့ မိုးသီး.... ရော့ .... မြန်မြန်မျိုဆို့ပြီးရင် ထင်း တွေကို အမြန်ဆုံးပြီးအောင်ခွဲ၊ ခွဲပြီးတဲ့ ထင်းတွေကိုလဲ ကျပ်ခိုးစင် ပေါ်တင်ပေးဦးနော်''

ဟု ပြောလေ၏။ ကပ်စေးနဲသော အပျိုကြီးသည် တစ်မူးမျှသော ငွေအသပြာကိုပေး၍ မတန်တဆအလုပ်များကို ခိုင်းစေ နေခြင်း ဖြစ်၏။ မည်သို့ပင်ဖြစ်စေ မိုးသီးသည် ပျော်ပျော်နေတတ် သူပီပီ အပျိုကြီး၏ ပိုက်

ဆံကို နည်းသည် များ သည် ဟု သဘော မထားဘဲ သီချင်းတအေးအေးဖြင့် လုပ်ကိုင်နေလေ၏။
အတန်ကြာအောင် ပင်ပန်းကြီးစွာလုပ်ကိုင်ပြီးနောက် ထင်းများ အားလုံးခွဲခြမ်းပြီးလေ၏။ မိုးသီးသည် ထင်းခွဲပြီးသောအခါ ထင်းခြမ်း များကို ကြပ်ခိုးစင်ပေါ်သို့ တင်ပေးရပြန်၏။

ထိုအခိုက်မှာ ပင် ကာလသားခေါင်းလှမောင်ကြီး ရောက် လာပြီးလျှင်

'' မိုးသီး၊ မင်းအတွက်အလုပ်ပါလာတယ်၊ ဘာအလုပ်လို့ ထင်သလဲ ကိုယ့်လူ''

ဟု ရယ်ကျဲကျဲမျက်နှာပေးဖြင့် ပြောလေ၏။ လှမောင်ကြီးသည် ကာလသားခေါင်းဖြစ်သော်လည်း ကာလသားငယ်များကို နိုင်လိုမင်းထက် မလုပ်တတ်ဘဲ မေတ္တာထားသူ ဖြစ်၏။ မိုးသီးက မျက်မှောင်ကြုတ်ပြီး စဉ်းစားဟန်ပြု၍

''ဟဲ ဟဲ ကျုပ်အထင်တော့ ဦးတောကျော်ကြီးအလှူအတွက် ဖြစ်လိမ့်မယ်''

ဟု ပြောလေရာ ကာလသားခေါင်းလှမောင်ကြီးက

''မင်းမဆိုးပါဘူး၊ ကဲ....ဦးတောကျော်ရဲ့ အလှူမှာ ဘာလုပ် လုပ်ရမလဲပြောစမ်း''

ဟု မေးမြန်းလေ၏။ မိုးသီးက မျက်လုံးများမှေးစင်း၍ စဉ်းစားဟန်ပြုလိုက်ပြီး

''မြို့ပေါ်တက်ပြီး သင်္ကန်းဝယ်ဖို့ က မြို့အကြောင်း ကောင်းကောင်း ကျွမ်းကျင်တဲ့ ကိုဖိုးလုံးရှိတယ်၊ လော်စပီကာနဲ့ ဒိုးပတ်ဝိုင်း ကိုတော့ ဦး

အောင်မိုးက တာဝန်ယူထားတယ်၊ ထင်းခွဲဖို့ ရေခပ်ဖို့ ကိစ္စလောက်ကို ကိုလှမောင်ကြီး ကိုယ်တိုင်လာမခေါ်ဘူး၊ အင်း… ဒီတော့ ဘာဖြစ်နိုင်မလဲ၊ ဟုတ်ပြီ ရွာမှာ ကိုရင်မြင့်အောင်ကြီး မရှိဘူး၊ လွန်ခဲ့တဲ့ လက မြို့တက်သွားတယ်၊ ဒီတော့ကျုပ်ကို လာခေါ်တာ မျိုးဟစ်ဖို့ နဲ့ လက်ဖက်ထုပ်ကမ်းဖို့ ပဲဖြစ်မယ်၊ ဟုတ်တယ်မဟုတ် လား''

ဟု မေးမြန်းလေရာ လှမောင်ကြီးက ခေါင်းညိတ်၍

''ဟုတ်တယ်၊ မင်းမဆိုးဘူး၊ မနက်ဖြန်ဦးတောကျော်အလှူအတွက် မျိုးဟစ်ရမယ်၊ လက်ဖက်ထုပ်လဲကမ်းရမယ်၊ ဦးတောကျော်အလှူက တစ်ရွာလုံး မီးခိုးတိတ်ကျွေးမှာ ဆိုတော့ အနီးအနား ရွာတွေတော်တော်များများ လှည့်ပြီး မျိုးဟစ်ရမယ်၊ ပြဿနာမဖြစ်အောင်တော့ သတိထားကွာ၊ လက်ဖက်ထုပ်ကမ်းတာ ပြဿနာ မဖြစ်ပေမယ့် မျိုးဟစ်တာ ရန်သိပ်များ တာပဲ''

ဟု ပြောလေရာ မိုးသီးက ခေါင်းညိတ်၍

''ကိုလှမောင်ကြီးကလဲ ကျုပ်ကရန်ကိုရှောင်တတ်ပါတယ်၊ ကျုပ် မျိုးဟစ်တဲ့ အခါတိုင်း ဘယ်တုန်းက ပြဿနာပေါ်ဖူးလို့ လဲ''

ဟု မေးမြန်းလေ၏။ လှမောင်ကြီးက ခေါင်းညိတ်၍

''အေး....အလှူကပွဲကြီးဆိုတော့ ဖိတ်ရမှာ များ တယ်၊ ဒါကြောင့် မင်းကိုမှာ နေရတာ၊ မျိုးဟစ်တဲ့ အခါ မင်းနောက်ကို ပြဿနာဖြစ်မယ့်ကောင်တွေခေါ်မသွားနဲ့ ''

ဟု မှာ ကြားလေ၏။

မိုးသီးက ခေါင်းညိတ်၍

''စိတ်ချပါဗျာ၊ လက်ဖက်ထုပ်ကမ်းဖို့ လက်ဖက်ကောင်းကောင်း နဲ့

ဆီများများ ပါဖို့ တော့ ကိုလှမောင်ကြီး တာဝန်ယူပြီး လုပ်ပေးပါ၊ လက်ဖက်ထုပ်မှာ ဆီမပါ၊ လက်ဖက်မပါရင် ကမ်းရတဲ့ သူမျက်နှာငယ်တယ်''

ဟု ပြောလေရာ ကာလသားခေါင်းလှမောင်ကြီးက လက်ဖက်ထုပ်တွင် ဆီကောင်းကောင်း လက်ဖက်များများ ပါဖို့ ရန် သူ့တာဝန်ယူကြောင်း ကတိပြုလေ၏။

ထိုအခါမိုးသီးသည် သူနေထိုင်ရာ ရွာစွန်တဲအိမ်လေးသို့ ပြန်သွားပြီး ရေမိုးချိုးကာ ညစာထမင်း ချက်လေ၏။ ထို့နောက် ငါးပိရည်နှင့် ကတက်ချဉ်ကို ဟင်းအဖြစ်တွဲဖက်တာ မြိန်ရှက်စွာစား သောက်လေ၏။

သူသည် ညစာစားရင်း မနက်ဖြန် ဦးတောကျော်၏ အလှူအတွက် ဗျိုးဟစ်ရန် စဉ်းစားနေမိ၏။

ဦးတောကျော်သည် သူတို့ ရွာဝန်းကျင်တွင် လယ်ဧကေပေါင်း များ စွာ ပိုင်ဆိုင်သော တောသူဌေးတစ်ဦးပင် ဖြစ်၏။

ဆွေမျိုးအင်အားလည်း တောင့်တင်း၏။ ယခုဦးတောကျော်၏ သားသုံးယောက်၏ ရှင်ပြုအလှူတော် မင်္ဂလာ ပွဲကို စည်စည်ကားကား ကျင်းပရန် ရှိ၏။

ဦးတောကျော်သည် တောသူဌေးတစ်ဦးဖြစ်သည့် အားလျော်စွာ သူ၏ အလှူကို ဗျိုးဟစ်ရုံမက လက်ဖက်ပင်ကမ်းဦးမည်ဆို၏။

အလှူတွင် မုံရွာဘက်ရှိ နာမည်ကြီးဆိုင်းအဖွဲ့တစ်ဖွဲ့ကို ဖြေဖျော်ဖို့ ငှားရမ်းထားသေး၏။

ငွေကြေးချမ်းသာသော သူများကျတော့လဲ လက်ညှိုးညွှန်ရာလိုရာ ဖြစ်ပေသည် ဟု တွေးတောရင်း သူ၏ ဘဝအကြောင်းမလှပုံကို စဉ်း

စားနေမိပြန်၏။

သူ၏ ဖခင်သည် တောလိုက်အဖွဲ့နှင့် ပါသွားကာ ငှက်ဖျားမိ ပြီး တောထဲမှာ သေဆုံးခဲ့ရ၏။

မိခင်သည် ဖခင်မရှိသည့် နောက်ပိုင်း ရွာထဲရှိ သူတစ်ပါး ခိုင်းစေရာ အလုပ်များကို ပင်ပန်းကြီးစွာလုပ်ကိုင်ရင်း အရွယ်မတိုင်မီ ဆုံးပါးခဲ့ပြန် ၏။

မိခင်ဆုံးတော့ မိုးသီးအသက် (၁၂)နှစ်သာရှိသေး၏။ ယခု သူ့အသက် (၁၅)နှစ်ရှိပြီဖြစ်သဖြင့် မိခင်ဆုံးသည် မှာ သုံးနှစ်ကြာ ခဲ့ပေပြီ။

မိခင်မရှိသည့် နောက်တွင် တစ်ရွာလုံး၏ ခိုင်းဖက်အဖြစ် ပင်ပန်းကြီးစွာလုပ်ကိုင်ရ၏။

အရွယ်နှင့် မမျှအောင် ဒုက္ခပင်လယ်ဝေခဲ့၏။ မည်သို့ပင်ဖြစ်စေ လောကဓံကို ကြံ့ကြံ့ခံ၍ ပျော်ပျော်ရင်ဆိုင်တတ်သည့် ထုံးစံ အတိုင်းရင် ဆိုင်ခဲ့လေ၏။

သူသည် ရွာဦးကျောင်းဆရာကြီး၏ ထံတွင် ပညာသင်ကြားခဲ့ ၏။ သူ၏ ပင်ကိုယ်ဉာဏ် ကောင်းမွန်မှုကြောင့် ကျောင်းသားအားလုံးထဲတွင် အထူးချွန်ဆုံးဖြစ်သည် ဟု အသိအမှတ်ပြုခြင်းခံရ၏။

မိုးသီးသည် ညစာစားရင်းသူ့ဘဝအကြောင်းစဉ်းစားနေပြီး ထမင်း ဘယ်လိုကုန်သွားမှန်းပင် မသိလိုက်ချေ။

ထမင်းစားပြီးသောအခါ အိပ်လို့ မပျော်သေးဖြင့် စာရွက်နှင့် ခဲတံကို ယူကာ မနက်ဖြန်ဖိုးပြီးဟစ်ရန်အတွက် စာသားများကို ရေးသား နေလေ ၏။

တောရွာအလှူများ ၏ ထုံးစံမှာ ရွာနီးစပ်ချုပ်ရှိ လူအများကို

ဖိတ်ကြားရန်အတွက် မျိုးဟစ်ရသော ထုံးစံရှိ၏။

မျိုးဟစ်သူမှာ အသံကောင်းပြီး ပီပီသသဟစ်တတ်ဖို့ လို၏။ မျိုးဟစ်သူအသံမပီလျှင် သူတစ်ပါး၏ လှောင်စရာဖြစ်ပြီး ရန်ပွဲများ ပင် ဆင်နွှဲရနိုင်၏။

မျိုးဟစ်သူသည် စာသားများ ထဲတွင် အလှူရှင်နှင့် အလှူပြု မည့်နေရက်စသည့် တို့ ကို ထည့်သွင်းထားသဖြင့် မြို့အရပ်မှာ ကဲ့သို့ ဖိတ်စာဝေရန် မလိုချေ၊ မျိုးကို နားထောင်ရုံဖြင့် အလှူအကြောင်းကို တိတိကျကျသိနိုင်၏။

မိုးသီးသည် မျိုးဟစ်ရန် စာသားများကို ရေးသားကြည့်ပြီး နောက်တစ်ခေါက်မှ အသံထွက်၍ ဖတ်လေ၏။

ပြီးနောက်တွင် မူ မျက်လုံးများမှေးစင်းလာ၍ အိပ်ရာထဲသို့ ဝင်ခဲ့လေတော့၏။

***

နောက်တစ်နေ့တွင် ရွာလယ်ခေါင်တွင် ရှိသော ဦးတော်ကျော်၏ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးသို့ ထွက်ခဲ့လေ၏။

ဦးတောကျော်၏ အိမ်သည် ရွာတွင် အခမ်းအနားဆုံး ဖြစ်၏။

အိမ်သွပ်မိုးပြောင်ပြောင်များကို အဝေးကပင် မြင်နိုင်လေ၏။

အလှူအိမ်သို့ရောက်သောအခါ ရွာရှိမိန်းမပျိုအားလုံး အလှူ အိမ်တွင် ဝိုင်းဝန်းကူညီနေသည် ကို တွေ့ရ၏။

ဦးတောကျော်က မိုးသီးကိုမြင်လျှင်

''လာ မိုးသီး၊ ထမင်းစားလိုက်ဦး၊ ထမင်းစားပြီးတာနဲ့ တောင်ဘက်ခြမ်းကရွာကို ဖိတ်စာ ဖြန့်ပေးချင်တယ်''

ဟု ပြောလေ၏။ ထိုအခါ ဦးတောကျော်၏ မိန်းမဒေါ်ကြီးတင် အနီးသို့ရောက် လာပြီး

''ဟဲ့မိုးသီး၊ ငါ့အမျိုးတွေရှိတဲ့ မြောက်ဘက်ခြမ်းက ရွာတွေကို ဖိတ်စာ ဖြန့်ပေးပါလား၊ လက်ဖက်ကမ်းရမယ်၊ လက်ဖက်ကိုတော့ မနက်ဖြန်မှ ကမ်းတော့''

ဟု မှာ ကြားလေ၏။

ဦးတောကျော်က မိုးသီးထမင်းစားနေစဉ် အနီးသို့ရောက်လာ ပြီး

''ဖိတ်စာ ဖြန့်ရင် ဘယ်သူတွေကို ခေါ်သွားမှ လဲ ရန်မဖြစ် အောင် ဂရုစိုက်နော်''

ဟု ပြောလေရာ မိုးသီးကခေါင်းညိတ်၍

''အင်း...ပေသီးနဲ့ လှတိုးကိုခေါ်သွားချင်တယ်၊ ဒီကောင်တွေ က အား ကိုးရတယ်''

ဟု ပြောလေရာ ဦးတောကျော်က ခေါင်းညိတ်၍

''အေး...ပြဿနာမဖြစ်ရင်ပြီးတာပဲ''

ဟု ပြောလေတော့၏။

မိုးသီးထမင်းစားပြီးလျှင် ပေသီးနှင့် လှတိုးအနီးသို့ ရောက် လာ၏။ ၎င်းတို့ နှစ်ဦး၌ လွယ်အိတ်ကိုယ်စီ လွယ်ထားကြ၏။ ပေသီးက လွယ်အိ တ်ကိုလက်ဖြင့်ပုတ်၍

''လက်နတ်အပြည့်အစုံပါတယ်''

ဟု တီးတိုးပြောလေ၏။

ပေသီး၏ လွယ်အိတ်ထဲတွင် လောက်စာလုံး၊ လေးဂွ၊ ဓာဝီ တုတ် ပါမည်မှာ သေချာ၏။

လှတိုးကလည်း သူ၏ လွယ်အိတ်ကိုလက်ဖြင့်ပုတ်၍

''ငါမှာ လဲပါတယ်''

ဟု ပြောလေ၏။

ထိုခေတ်က ၎င်းတို့ ဒေသတွင် သူတစ်ပါးရွာသို့ လှည့်လည် ၍ ဗျိုး ဟစ်ရသော အလုပ်သည် အလွန်ရန်များ ၏။

ဗျိုးဟစ်သူကို မကျေနပ်လျှင် တစ်ရွာသားများ ၏ ရန်စတော် ကားခြ င်းကို ခံရတတ်၏။

မမြင်ကွယ်ရာမှ ခဲဖြင့်ပေါက်ခြင်း၊ လောက်လေးဖြင့် ပစ်ခြင်း တို့ ကို ခံရတတ်၏။ တစ်ရွာနှင်တစ်ရွာ ရန်ငြိုးရန်စရှိသောအခါ ဆို လျှင် အဆိုး ဆုံး ဖြစ်၏။

မိုးသီး၏ လက်ထဲတွင် ဗျိုးဟစ်ရန် သံဖြူဖြင့်ကန်တော့ပုံ သဏ္ဍာန် ပြုလုပ်ထားသော ကိရိယာပါ၏။

ဦးတော်ကျော်က မိုးသီးရှိရာသို့လာ၍

''ကဲ... ငါ့ခြံရှေ့ကစပြီး ဗျိုးဟစ်ပါဦး၊ ငါ့ရဲ့ အလှူရဲ့ ဗျိုး ကို ငါပြန်နား ထောင်ချင်လို့ ''

ဟု ပူဆာလေ၏။

ရွာသူအပျိုချောလေးတစ်ဦးကလည်း မိုးသီး၏ အနီးသို့ ရယ် ကြဲကြဲ နှင့် လာ၍

''ရေတစ်ခွက်လောက် သောက်လိုက်ပါဦး မိုးသီးရယ်''

ဟု ဆိုကာ ရေခွက်ကိုကမ်းပေးလေ၏။

သူမ၏ အမည်မှာ ပန်းနုဖြစ်ပြီး စိတ်နှလုံးကောင်းမွန် သောအပျိုချော ဖြစ်၏။

သူမသည် ရွာကွမ်းတောင်ကိုင်ဖြစ်သော်လည်း မာန်မာန မရှိဘဲ မိုး သီးကို ခင်မင်ရှာသူ ဖြစ်၏။ မိုးသီးက သူမကမ်းပေးသော ရေ တစ်ခွက် ကိုယူ၍ ဂွပ်ခနဲသောက်ချလိုက်၏။ ပန်းနုက မိုးသီး ရေ သောက်ပြီးသော အခါ ရေနွေးပုလင်းငယ်ကို ကမ်းပေးပြန်ပြီး

''ဗျိုးဟစ်ထွက်ရင် အသံကုန်ပြီး သိပ်ပင်ပန်းတယ်၊ ဒါကြောင့် လမ်း မှာ သောက်ဖို့ အကြမ်းပုလင်းပေးလိုက်တယ်''

ဟု ပြောလေရာ မိုးသီးသည် ပန်းနုကို ကျေးဇူးတင်ဟန်ဖြင့် ကြည့်လိုက်လေ၏။

သူမသည် လှသလောက် သဘောဖြူသူ ဖြစ်၏။ ထိုမြင်ကွင်း ကိုကြည့်၍ အလိုက်ကမ်းဆိုးမသိသော ဦးတောကျော်က

''ဟဲ့ ညည်းက မိုးသီးအတွက်ပဲ ရေနွေးကြမ်းပေးသလား၊ ပေသီးနဲ့ လှတိုးအတွက်ရော''

ဟု မေးမြန်းလေ၏။ ပန်းနုက နှာခေါင်းရှုံ့၍

''အို..သူတို့ က ရေချမ်းစင်ရှာပြီး သောက်လို့ ရနိုင်တာပဲ၊ သူတို့ အတွက်တော့ မပေးနိုင်ပါဘူး၊ အမြင်ကတ်တယ်''

ဟု ပြောလေရာ ပေသီးက စပ်ဖြဲဖြဲမျက်နှာပေးဖြင့်

''ရပါတယ်၊ ပန်းနုရယ်၊ နင်ကမိုးသီးတစ်ယောက်တည်း ကိုပဲ မေတ္တာရှိတာငါသိပါတယ်''

ဟု အနှောင့်အသွားမလွတ်သော စကားကိုပြောလေရာ ပန်းနု ၏ ဖြူစင်သောမျက်နှာသည် ရဲခနဲဖြစ်သွားပြီး ရှက်ကိုးရှက်ကန်းဖြင့်

''ပေသီး နင်ဘာစကားပြောတာလဲ''

ဟု ရန်တွေ့ လိုက်လေ၏။ ဦးတောကျော်က ရယ်မော၍

''ဟဲ့ ဟဲ့ ရန်ဖြစ်မနေနဲ့ ၊ ကဲ...မိုးသီး ဗျိုးဟစ်ထွက် တော့ကွယ်၊ နားထောင်ကြည့်ရအောင်''

ဟု ပြောလေရာ မိုးသီးက အဟမ်း အဟမ်း လည်ချောင်းရှင်း ၍ သံဖြူကန်တော့အနီးသို့ နှုတ်ခမ်းကပ်ကာ

''အားလုံးကြားကြားသမျှ ရှားပင်လှရွာနေ အဘဦးဘစိန်၊ အမိဒေါ်ခ

င်လှတို့ ကို အမှူးထား၍ ဦးတောကျော်၊ ဒေါ်ကြီးတင်တို့ က ရင်နှစ်သည်းချာ သားရတနာ များ ဖြစ်ကြသော မောင်မြင့် အောင်၊ မောင်အောင်မိုး၊ မောင်စန်းမောင်တို့ ကို ပဗ္ဗဇ္ဇမင်္ဂလာ ရှင်သာမဏေအရာသို့ ဆောင်နှင်းမည်ဖြစ်ပါ၍ ကဆုန်ကလဆန်း တစ်ရက်နေ့ နေ့လယ် အချိန်တွင် ရှားပင်လှရွာ ရှင်ပြုမဏ္ဍပ်သို့ ရှင်ပြုတရားတော် နာကြွရောက်ပါရန် မိတ်အများ တို့ အား ဖိတ်ကြားလိုပါသဗျိုး'

ဟု ဗျိုးဟစ်ပြလိုက်ရာ နားထောင်နေသူအပေါင်းသည် သဘော ကျ ဟန်ဖြင့် လက်ခုတ်တဖြောင်းဖြောင်းတီးကားချီးမွမ်း ကြလေ၏။

ဦးတောကျော်ကတော့ ဒေါ်ကြီးတင်ကမူ မျက်မှောင်ကြုတ်၍

''ဟဲ့....ဗျိုးထဲမှာ အလှူမှာ ကျွေးမယ့် ဝက်သားဟင်း၊ ငါးသလောက်ပေါင်း၊ ချဉ်ပေါင်ဟင်းအကြောင်းလဲ မပါပါလား''

ဟု မကျေမနပ်ရွှတ်ဆိုလေရာ မိန်းမကြောက်ရသော ဦးတော ကျော်သည် မိုးသီးအား အလှူတွင် ကျွေးမည့် အစားအသောက်များကို ဗျိုးထဲတွင် ထည့်သွင်းစေ၏။

ထို့နောက် တစ်ဖန်ဗျိုးဟစ်စေပြန်ရာ မိုးသီးက မူလအစီအစဉ် အတိုင်းဗျိုးကိုဟစ်၍

''ရှားပင်လှရွာ ရှင်ပြုမဏ္ဍပ်သို့ လာရောက်၍ ဝက်သားဟင်း၊ ငါးသလောက် ပေါင်းနှင့် ချဉ်ပေါင်ဟင်းတို့ ကို မြိန်ရှက်စွာစားသုံးကာ ရှင်ပြုတရားနာကြွရောက်ပါရန် မိတ်အများအားတို့ အား ဖိတ်ကြားလိုက်ရပါသဗျိုး''

ဟု ဆိုလိုက်ရာ ဒေါ်ကြီးတင်ကြီးသည် လွန်စွာသဘောကျ သွားပြီး လက်ခုတ်တဖြောင်းဖြောင်းတီး၍

''ဒါမှ ငါအလှူမှာ ဟစ်တဲ့ ဗျိုး၊ နင့်အသံသိပ်ကောင်းတယ်၊ တစ်ခေါက်လောက် ထပ်ရွတ်ပါဦး''

ဟု ဆိုပြန်ရာ ပေသီးက နှာခေါင်းရှုံ့၍

''ဒေါ်ကြီးတင်ကလဲ လွန်ပြီး သူ့အိမ်ရှေ့မှာ ပင် ဗျိုးဟစ်တဲ့ သူ ကလျှာထွက်ပြီးသေတော့မယ်''

ဟု ညည်းညူလေရာ ဒေါ်ကြီးတင်က ရယ်မော၍

''စိတ်မဆိုးပါနဲ့ ပေသီးရယ်၊ ဗျိုးဟစ်ပြီးပြန်လာရင် မိုးသီးကို ငွေ ၃ ကျပ် နင်တို့ နှစ်ယောက်ကို တစ်ယောက်တစ်ကျပ်စီ မုန့်ဖိုးပေး မှာ ပါ''

ဟု ပြောလိုက်ရာ ပေသီးသည် သဘောကျဟန်ဖြင့် မိုးသီးကို ဗျိုးဟစ်ရန် တိုက်တွန်းပြန်၏။ ဤသို့ဖြင့် မိုးသီးတို့ ဗျိုးအဖွဲ့သည် ရွာလယ်လမ်းမကြီးအတိုင်း တစ်ရွာလုံးလှည့်၍ စတင်ဗျိုးဟစ်ရလေ ၏။

မိုးသီးတို့ ဗျိုးဟစ်နေစဉ် တစ်ရွာလုံး အိမ်ပေါက်စေ့ ထွက်ကြည့်ကြပြီး အလှူအား ကြည်ညိုသဒ္ဓါပွားများကြလေ၏။

ရွာလုံးပေါက်နှံ့သောအခါ ဗျိုးအဖွဲ့သည် ရွာပြင်သို့ထွက် ရလေ၏။ အနီးဆုံးရွာသို့မရောက်မီ ခေတ္တနားခိုခွင့်ရှိ၍ ထိုအချိန် များ တွင် ရေသောက်ခြင်း၊ ဆေးလိပ်ဖွာခြင်း၊ ကွမ်းစားခြင်းအမှုကို ပြုနိုင်ကြ၏။ မိုးသီးသည် အနည်းငယ်အာခြောက်သလို ဖြစ်သွား၍ ကွမ်းတောင်ကိုင်ပန်းနုပေးလိုက်သော ရေနွေးပုလင်းကိုဖွင့်၍ ရေနွေး တစ်ငုံသောက်လေ၏။ ပြီးနောက် ပေသီးနှင့် လှတိုး ဘက်သို့ လှည့် ကာ ရေနွေးပုလင်းကို ကမ်းပေးလေရာ ပေသီးက

''ဟဲ ဟဲ သောက်ပါမိုးသီးရာ၊ ငါတို့ က ရေချမ်းစင်က ယူ သောက်လဲ ရပါတယ်၊ တော်ကြာပန်းနုသိရင် မေတ္တာပို့နေပါဦးမယ်''

ဟု နောက်ပြောင်လေ၏။ ထို့နောက်တွင် မူ မိုးသီးတို့ ဗျိုး အဖွဲ့သည် အနီးဆုံးရွာတစ်ရွာသို့ ရောက်ခဲ့လေ၏။ ဦးတောကျော်၏ စေခိုင်းအချက် အရ ရွာလေးရွာထိအောင် ဗျိုးဟစ်ရမည် ဖြစ်၏။

မိုးသီးသည် ရွာလယ်လမ်းမကြီးအတိုင်း စတင်၍ ဗျိုးဟစ်ကြ ရာ ဦးတောကျော်၏ ဆွေမျိုးများ သည် မိုးသီးတို့ ဗျိုးအဖွဲ့အား အိမ်ထဲသို့ခေါ်၍ ရေတိုက်ခြင်း၊ ထန်းလျက်၊ ကွမ်းသကာကျွေးခြင်း၊ စသည် တို့ ကိုပြုလုပ်ကြကုန်၏။

ထိုရွာကို အောင်မြင်စွာ ဗျိုးဟစ်ပြီးသောအခါ နောက်တစ်ရွာ သို့ လှည့်လည်ကြပြန်၏။

ထိုရွာ၌ လည်း ဗျိုးဟစ်သူများကို ရန်စခြင်း၊ နောက်ပြောင်မည့် သူမရှိဘဲ အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့၏။ ရွာနှစ်ရွာလွန်မြောက်ပြီး သောအခါ မိုးသီးက အာခြောက်လာသဖြင့် ရေနွေးကြမ်းပုလင်းကို မော့သောက်လိုက်ပြီး

''နှစ်ရွာတော့လွန်ခဲ့ပြီ၊ ကျန်တဲ့ နှစ်ရွာပဲကျန်တော့တယ်''

ဟု ပြောလိုက်ရာ ပေသီးကသက်ပြင်းချ၍

''ကျန်တဲ့ နှစ်ရွာက တကယ်မီးခဲရွာတွေက ငါနဲ့ ရန်ငြိုးရန်စ ရှိတဲ့ ကျွဲကြီးတို့ ရှိတယ်၊ ကျွဲကြီးက လွန်ခဲ့တဲ့ နှစ်က ခရေကုန်းရွာ ဘုရားပွဲမှ ငါနဲ့ လက်ဝှေ့ထိုးပြီး ကတည်းက ငါ့ကိုရန်ငြိုးဖွဲ့နေ တယ်၊ ဒီကောင်က ငါ့ကိုတစ်ချိန်လုံးဖိထိုးထားပြီး ပွဲပြီးကာနီးမှ ငါကအလဲ ထိုးလိုက်လို့ ငါ့ကိုမကျေမနပ်ဖြစ်ပြီး စင်အောက်မှာ ပြန်ပြီး စိန်ခေါ်ခဲ့တာကွ''

ဟု ပြောလေ၏။ ထိုအခါ လှတိုးကလည်း

''ခရေကုန်းရွာမှ လဲ ငါနဲ့ အကြီးအကျယ်ရန်ပွဲဆင်ဖူးတဲ့ ကြက် တော

တို့ လူစုရှိတယ်''

ဟု ပြောပြန်ရာ မိုးသီးကခေါင်းကုတ်၍

''ဒုက္ခပါပဲကွာ၊ မင်းတို့ နှစ်ယောက်စလုံး ပြဿနာတွေနဲ့ ပါ လား၊ ဒီလိုမှန်းသိရင် မင်းတို့ ကိုမခေါ်ပါဘူးကွာ''

ဟု ညည်းညူလေ၏။ ပေသီးက ရယ်မော၍

''မသိဘူးလေကွာ ဦးတောကျော်အမျိုးတွေရှိတဲ့ ရွာမှန်းသိရင် ငါမလိုက်တော့ပါဘူး''

ဟု ပြောဆိုလေ၏။ မိုးသီးက သက်ပြင်းချ၍ လှတိုးဘက်သို့ လှည့်ကာ

''နေပါဦး၊ မင်းနဲ့ ခရေကုန်းက ကြက်တောနဲ့ ဘယ်လိုရန်စ ရှိပြန်ပြီလဲ''

ဟု မေးမြန်းလေ၏။

လှတိုးက ရယ်မော၍

''ဒီလိုကွ၊ လွန်ခဲ့တဲ့ ခြောက်လလောက်က ဘကြီးသာအေး နွားဝယ်ချင်တယ်ဆိုလို့ ငါလဲနွားပွဲလိုက်သွားတယ်၊ နွားပွဲမှာ ခရေကုန်းက ကြက်တောက ခိုင်းနွားကြီးသုံးကောင်ကို တာဝန်ယူပြီး ရောင်းနေတာကွ၊ တကယ်တော့ ဘကြီးသာအေးဝယ်မည့် နွားကြီး တွေက ရုပ်လှတာကလွဲပြီး နွားပျင်းကြီးတွေကွ၊ ဒါကြောင့် ငါက ဖျက်လို့ နွားမဝယ်ဖြစ်တော့ဘူး၊ ဒီလိုနဲ့ ငါ့ကြောင့် နွားပွဲ ပျက်ရ တယ်ဆိုပြီးကြက်တောတို့ လူစုနဲ့ ရန်ဖြစ်တာကွာ၊အဲဒီတုန်းကကြက်တော က ထန်းရည်မူးနေလို့ ငါတုတ်နဲ့ ဆော်တာခံလိုက်ရတယ်''

ဟု ပြောလေရာ မိုးသီးက ခေါင်းကုတ်၍

''ဒုက္ခပါပဲကွာ၊ ဒီနေ့ငါတို့ သွားရမယ့်ခရီးက ဖျိုးဟစ်ရမည့် ခရီးကွ၊ ဖျိုးဟစ်တယ်ဆိုတာ မင်းတို့ သိတဲ့ အတိုင်း ကိုယ့်ရဲ့ ကောင်းမှု ကုသိုလ်ကို သူတစ်ပါးမျှဝေခံစားပြီး သာဓုခေါ်နိုင်အောင် စေတနာ ကောင်းနဲ့ ဖိတ်ကြားတဲ့ ပွဲ၊ ဒီပွဲကို သွားတဲ့ သူတွေက ရန်ဖြစ်လာတယ် ဆိုရင် အလှူပွဲပျက်ပြီး မင်္ဂလာကိစ္စကနေ အမင်္ဂလာကိစ္စဖြစ်သွားမှာ ပေါ့ကွ၊ ဒါကြောင့် ဖျိုးဟစ်တဲ့ အလုပ်ကို ငါတစ်ယောက်တည်း ဆက်လုပ်တော့မယ်၊ မင်းတို့ ရွာကိုပြန်တော့ကွာ''

ဟု မောင်းနှင်ထုတ်လေ၏။ ပေသီးက ခေါင်းခါ၍

''ဒီလိုတော့မလုပ်ပါနဲ့ ကွာ၊ ငါတို့ ရွာကို ပြန်သွားရင် ရွာက လူတွေ ဝိုင်းဆူမှာ ပေါ့၊ နောက်ပြီးတော့ ငါ့နဲ့ ရန်ငြိုးရန်စရှိတဲ့ ကျွဲကြီး ကလည်း ပျောက်နေတာ ကြာပါပြီကွာ၊ ဒီကောင် အောက်ပြည် ဘက်ကို လှေထိုး လိုက်သွားတယ် ကြားတယ်''

ဟု ပြောလေရာ လှတိုးကလည်း

''ဟုတ်တယ် မိုးသီး၊ ငါတို့ ရွာကိုပြန်လို့ မဖြစ်ဘူး၊ နောက်ပြီး ငါနဲ့ ရန်ဖြစ်ဖူးတဲ့ ကြက်တောက နွားပွဲစားမလုပ်တော့ဘဲ အငြိမ့်ထဲမှာ တောက်တိုမယ်ရခိုင်းဖို့ လိုက်သွားတယ်၊ ငါကြားတာကတော့ ဒီကောင်အငြိမ့် မင်းသမီးကို နောက်ပိုးရှူးလုပ်ပြီး အငြိမ့်နောက် ပါသွား တယ်ဆိုပဲ''

ဟု ပြောလေရာ မိုးသီးကခေါင်းညိတ်၍

''ဒါဆိုရင် တော်သေးတာပေါ့ကွာ၊ ဒါပေမဲ့ အခုကတည်းက ကြိုမှာထားချင်တယ်၊ ရန်ဖြစ်ရင် အလှူရှင်လဲနာမည်ပျက်ပြီး အလှူပွဲ ပျက်မှာ သေချာတယ်၊ ဒီတော့ ကိုယ့်စိတ်ကို ကိုယ်မထိန်းနိုင်ရင် အစကတည်း

က နောက်ဆုတ်တာ အကောင်းဆုံးပဲ''

ဟု သတိပေးလေရာ ပေသီးနှင့် လှတိုးနှစ်ယောက်စလုံးက ရန် မဖြစ်ရန် ကတိပြုကြ၍ ခရီးဆက်ကြလေ၏။

အတန်ကြာအောင် ခရီးဆက်ခဲ့ပြီးနောက် ဗျိုးဟစ်ရမည့် ရွာထိပ်သို့ ရောက်လေ၏။ ရွာထိပ်ရှိ ချောင်းငယ်ကလေးကိုသွယ် တန်းထားသော တံတားတစ်ခုရှိ၏။ တံတားပေါ်တွင် ထိုင်၍ ကျား ထိုးနေသော လူခံလူငယ်များ ရှိ၏။

မိုးသီးသည် ၎င်းတို့ အာ ဗျိုးဟစ်မည့် သူများ ဟု အများ သိစေ ရန် သံဖြူကန်တော့အနီး နှုတ်ခမ်းကပ်၍

'အားလုံးကြားကြားသမျှ ရှားပင်လှရွာနေ အဘဦးဘစိန်၊ အမိဒေါ်ခင်လှတို့ ကို အမှူးထား၍ ဦးတောကျော်၊ ဒေါ်ကြီးတင်တို့ က ရင်နှစ်သည်းချာ သားရတနာများ ဖြစ်သော..........'

ဟု ဗျိုးဟစ်နေစဉ် ပေသီးက အလန့်တကြားဖြင့်

''ဟိုက်....ဟောဟိုမှာ ကျားထိုးနေတာ ကျွဲကြီးပါလား၊ ဒီကောင်လှေထိုးလိုက်သွားတယ်ဆိုပြီး ဘယ်လိုလုပ် ရွာပြန်ရောက် နေတာလဲ''

ဟု ရေရွတ်လေ၏။ ကျားထိုးနေသော ကျွဲကြီးသည် ဗျိုး ဟစ်သူများ ကိုကြည့်၍ ပေသီးကိုမြင်သောအခါ မျက်နှာမည်းခနဲ ဖြစ်သွားပြီး ထိုင်ရာမှ ခုန်ထ၍

''ဟဲ...ဟဲ ဘယ်သူများ လဲမှတ်တယ်၊ ငါနဲ့ လက်ဝှေ့ထိုးဖော်ထိုးဖက်ကြီး ပေသီးပါလား၊ ခရေကုန်းရွာ ဘုရားပွဲတုန်းက ဒိုင်လူကြီးအသုံးမကျလို့ မင်းကိုငါရှုံးခဲ့တယ်၊ ဒီကတည်းက ဒို့နှစ်ယောက် မတွေ့ခဲ့ဘူး၊ အခုတော့ မင်းနဲ့ ငါ လက်ဝှေ့ပြန်ထိုးဖို့ အခွင့်အရေးရပြီး ဘယ်လို

လဲပေသီး၊ မကျေပွဲလေးနဲ့လိုက်ရအောင်''

ဟု ဆိုကာ လက်ခမောင်းခတ်၍ ပေသီးကိုစိန်ခေါ်လေ၏။ ပေသီးသည် သွေးကောင်းသော လက်ဝှေ့သမားပီပီ လက်ခမောင်း ခတ်သံကြောင့် သွေးကြွတက်လာသော်လည်း ဗျိုးဟစ်ရန်ကိစ္စကြောင့် ကိုယ်ရှိန်သတ်လိုက်ပြီး

''ဒီတစ်ခေါက်တော့ လက်ဝှေ့ထိုးဖို့ မဖြစ်ဘူးကွ၊ ငါတို့ က ဗျိုးဟစ်ရအောင် လာခဲ့တာ''

ဟု ငြင်းဆန်လေရာ ကျွဲကြီးက တဟားဟားရယ်မော၍

''ဟား...ဟား...ဟား... ပေသီး လက်ဝှေ့ကျော်ကြီး လုပ်ပြီး သတ္တိကြောင်နေပြီလား၊ ခရေကုန်းပွဲပြီးကတည်းက မင်းနဲ့ ငါဘယ်တုန်းကတွေ့ခဲ့လို့ လဲ၊ ဒီလိုနေ့မျိုးမှ လက်ဝှေ့မထိုးရင် မင်းနဲ့ ငါ ဘယ်အချိန်သွားထိုးရမှာ လဲ၊ သတ္တိကြောင်တယ် ဆိုရင်တော့ ယောက်ျားပီပီ ဝန်ခံလိုက်ပါကွာ''

ဟု ပြောလေ၏။ ပေသီးသည် ကျွဲကြီး၏ စကားကြောင့် မခံချင်စိတ်ဖြစ်သွားပြီး လက်သီးဆုပ်၍

''ဟေ့ကောင်ကျွဲကြီး၊ ငါယောက်ျားကွ၊ ကြောက်တယ်ဆိုရင် ထဘီဝတ်ထားလိုက်မယ်''

ဟု ပြောလိုက်ရာ ကျွဲကြီးက

''ဟား...ဟား..ဟား မင်းအခု ထဘီဝတ်ဖို့ သင့်ပြီကွ၊ ငါစိန်ခေါ်တာကို မင်းလက်ခံရဘူး မဟုတ်လား''

ဟု လှောင်ပြောင်ပြော လိုက်လေ၏။ ပေသီးသည် ကျွဲကြီး၏ စကားကြောင့် စိတ်မထိန်းနိုင်တော့ဘဲ

''ဘာလို့ လက်မခံရမှ လဲ၊ လက်ခံတယ်ကွာ၊ လာ မင်းနဲ့ ငါ အခုချမယ်''

ဟု ပြောကာ လုံချည်ကိုချွတ်ရန်ပြင်လေ၏။ ထိုအခါ မိုးသီး က အလောတကြီးဖြင့်

''ဟေ့ကောင် ပေသီး၊ ဘယ်လိုလိုလုပ်တာလဲ၊ မင်းနဲ့ ငါ သဘောတူထားတာ မေ့နေပြီလား၊ ဗျိုးဟစ်ဖို့ လာပြီး ရန်ဖြစ်တယ်ဆို ရင်အလှူရှင်သိကြွာကျမှာ ပေါ့ကွာ''

ဟု တားဆီးရန် ကြိုးစားလေ၏။ ပေသီးသည် မိုးသီး၏ စကားကြောင့် တွေဝေသွားပြီး

''ဒီကောင်က ငါ့ကိုစော်ကားနေတာကွ၊ ထဘီဝတ်ထားလို့ ပြောတာ မင်းကြားတယ်မဟုတ်လား''

ဟု အော်ဟစ်လေ၏။ မိုးသီးကပေသီးကလက်မောင်းကို ဖက်၍

''သည်းခံပါကွာ''

ဟု ဆိုကာ လက်ငှေ့မထိုးဖြစ်အောင် ချော့မော့ပြောဆိုလေ၏။

ပေသီးသည် ငြိမ်သက်သွားသလို ရှိသော်လည်း ကျွဲကြီးက တစ်စခန်းထပြန်၏။ ကျွဲကြီးကမိုးသီးကိုကြည့်၍

''ဟေ့ကောင်၊ မင်းနဲ့ မဆိုင်ဘဲ ဝင်မရှုပ်နဲ့ ဒီကောင်နဲ့ ငါ မကြေပွဲနွှဲရမယ်၊ လက်ငှေ့မထိုးရလို့ ကတော့ မင်းတို့ ဗျိုးသမားတွေ ရွာထဲဝင်ခွင့်မပေးနိုင်ဘူး''

ဟု ကြုံးဝါးလေ၏။ မိုးသီးသည် ကျွဲကြီး၏ တင်းမာနေသော အမူအရာကိုကြည့်၍ သက်ပြင်းချလိုက်မိ၏။

ကွဲကြီးနှင့် ပေသီးလက်ဝှေ့ထိုးဖြစ်လျှင် လက်ဝှေ့ပွဲမှ ရန်ပွဲသို့ ကူးပြောင်းသွားနိုင်၏။ လက်ဝှေ့မထိုးဖြစ်အောင် ကိုယ်စွမ်း ဉာဏ် စွမ်း ရှိသမျှတားဆီးရမည်ဟု တွေးလိုက်မိ၏။ ထိုစဉ် သူ၏ ခေါင်းထဲ သို့ အကြံတစ်ခုဝင် လာပြီး ကွဲကြီးကို ကြည့်၍

''ဒီလိုလုပ်ပါလား ကျုပ်တို့ မျိုးဟစ်ဖို့ ရွာနှစ်ရွာကျန်သေး တယ်၊ ဒီရွာတွေကို မျိုးဟစ်ပြီးရင် ကျုပ်တို့ တာဝန်ပြီးပြီး၊ ဒီအချိန် ရောက်မှ ခင်ဗျားနဲ့ ပေသီး စိတ်ရှိသလောက် ထိုးပေတော့ အဲဒီအချိန် ကျရင်ကျုပ် တို့ လဲ ခင်ဗျားတို့ လက်ဝှေ့ပွဲကို စိတ်အေးလက်အေးကြည့် နိုင်မယ်''

ဟု ပြောလေရာ ကွဲကြီးသည် မျက်မှောင်ကြုတ်၍

''အေး မင်းတို့ ပြန်ရင်လဲ ဒီလမ်းကပဲပြန်ကြရမှာ ပဲ၊ ငါကို လှည့်စား ဖို့ တော့ မကြိုးစားနဲ့ နော်''

ဟု ပြောလေ၏။ ကွဲကြီး၏ စကားကြောင့် ပေသီးသည် ဒေါသူပုန်ထ သွားပြီး လက်သီးဆုပ်၍

''ဟေ့ကောင် မင်းပုန်းနေရင်တောင် ငါရအောင်ရှာပြီး ထိုး မယ်ကွ၊ စိန်ခေါ်ရင် တိမ်ပေါ်ထိလိုက်မဲ့ပေသီး''

ဟု ပြောလေတော့၏။ မိုးသီးသည် ပေသီးကို ဖျောင်းဖျ၍ ရွာထဲသို့ ခေါ်ဆောင်သွားလေ၏။

ပေသီးသည် မကျေမနပ်ဖြင့် မိုးသီးနောက်သို့လိုက်ပါလာ လေ၏။ မိုးသီးတို့ သည် ထိုရွာအတွင်းသို့ ဝင်၍ မျိုးဟစ်ရပြန်၏။ မိုးသီးသည် တစ်ရွာပြီးတစ်ရွာလှည့်ရသဖြင့် ပင်ပန်းနေပြီး လှတိုးကို တစ်လှည့် မျိုးဟစ်ခိုင်းရ၏။

လှတိုးသည် အသံအောင်မြင်သူဖြစ်သဖြင့် ကောင်းစွာ မျိုးဟစ် နိုင်

လေ၏။

ပြီးနောက်တွင် မူ ထိုရွာမှ ဦးတောကျော်၏ ဆွေမျိုးများကို နှုတ်ဆက်ကာ ထွက်ခဲ့ကြပြန်၏။ လမ်းတွင် ပေသီးက လက်သီးဆုပ် ၍

''အပြန်ကျရင် ကျွဲကြီးနဲ့ ငါ ရေကုန်ရေခမ်းထိုးမယ်''

ဟု ကြုံးဝါးလေရာ မိုးသီးက မျက်မှောင်ကြုတ်၍

''ဟေ့ကောင် ပေသီး၊ မင်းရူးနေလား၊ မင်းတို့ နှစ်ယောက်က အရင်က ရန်ငြိုးရန်စလဲရှိတယ်၊ လက်ဝှေ့ထိုးဖို့ ကြိုးဝိုင်းဒိုင်လဲ မရှိဘူး၊ ဒီလိုပုံစံမျိုးနဲ့ လက်ဝှေ့ထိုးရင် သူသေကိုယ်သေ သတ်တဲ့ ရန်ပွဲပဲဖြစ်သွားမှာပေါ့''

ဟု ပြောလေရာ ပေသီးက ခေါင်းခါ၍

''ဘာပဲဖြစ်ဖြစ်ကွာ၊ ဒီကောင်ကို မကျေနပ်ဘူး၊ ရေကုန်ရေ ခမ်းထိုးမယ်''

ဟု ကြုံးဝါးပြန်၏။ မိုးသီးကခေါင်းခါယမ်း၍

''ခက်တော့တာပဲကွာ၊ မင်းကိုငါအကြိမ်ကြိမ်ပြောပြီးပြီး ဒါ တောင်နားမလည်နိုင်ဘူး၊ မျိုးဟာစ်ထွက်တာ ရန်ဖြစ်လို့ ဖြစ် မလား''

ဟု ကြိမ်းမောင်းလေ၏။ ပေသီးကလက်သီးဆုပ်၍

''ဟေ့ကောင်မဖြစ်ချင်လဲ ဖြစ်ရမှာ ပဲကွ၊ ငါတို့ အပြန်လမ်းမှာ ကျွဲကြီးတို့ လူစုကစောင့်နေတာ၊ ဒီကောင်နဲ့ တွေ့ရင် ငါက လက်ဝှေ့ မထိုးဝံ့ပါဘူးဆိုပြီး ထိုင်ရှိခိုးရမှာ လား''

ဟု ငေါ့တော့တော့ပြောလေ၏။ မိုးသီးကခေါင်းခါ၍

''ဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲကွ၊ ဒါပေမဲ့ ပြဿနာမဖြစ် အောင်

အေးအေးချမ်းချမ်းဖြစ်မယ့်လမ်းကို ငါရှာနေတာ''

ဟု ပြောလေရာ ပေသီးသည် ငြိမ်သက်သွားလေ၏။

ထိုအခါလှတိုးကဝင်၍

''ရှေ့ကရွာမှာ ငါနဲ့ ရန်ဖြစ်ဖူးတဲ့ ကြက်တောရှိတယ်၊ ဒါပေမဲ့ ဒီကောင်အငြိမ့်ထဲရောက်နေတယ်လို့ တော်သေးတာပေါ့ကွာ''

ဟု ပြောလေ၏။ ထိုအခိုက်မှာ ပင် ရွာအဝင်ရှိ ဇရပ်ပျက်ကြီး ပေါ်တွင် လူများ စုစုဝေးဝေးလုပ်နေသည် ကို မြင်၍ ပေသီးက

''ဇရပ်ပေါ်မှာ ဖဲဝိုင်းလား၊ အန်စာဝိုင်းလားမသိဘူး၊ သွား ကြည့်ရအောင်''

ဟု ပြောကာ ဇရပ်အနီးသို့ ရှေ့မှ ဦးဆောင်၍ လျှောက်သွားလေ ၏။ ပေသီးသည် ဖဲဝိုင်းတွေ့လျှင် မနေနိုင်သူ ဖြစ်၏။ မိုးသီးတို့ ဇရပ်ခြေရင်းသို့ရောက် သောအခါ ဖဲဝိုင်းအနီးရပ်ကြည့်နေသူ တစ်ဦး ကိုကြည့်၍ လှတိုးက

''ဟိုက်...ဟိုရှေ့ကကောင်က ငါနဲ့ ရန်ဖြစ်တဲ့ ကြက်တောကွ၊ ဒီကောင်အငြိမ့်နောက်လိုက်တယ်ဆိုပြီး ဘယ်လိုလုပ် ဖဲဝိုင်းကို ရောက်နေတာလဲ''

ဟု တအံ့တသြရေရွတ်လေရာ မိုးသီးသည် ဘုရားတလိုက် မိလေ၏။ သည် တစ်ကြိမ်ဗျူးဟစ်ထွက်ခြင်းသည် ကြီးစွာသော မှားယွင်းမှုဖြစ်သည် ဟု တွေးလိုက်မိလေ၏။

ထိုအခိုက်မှာ ပင် ကြက်တောဆိုသူသည် သူ၏ အနီးရှိလူများကို လက်ကုတ်၍ ဇရပ် အောက်သို့ဆင်းလာ၏။ ကြက်တောက လှတိုး ကို ကြည့်၍

''ဘယ်လိုလဲကိုယ့်လူ၊ နွားပွဲမှာ ငါကို ကွဲအောင်ဆော်ခဲ့တာ သတိရရဲ့လား၊ အေးလေ၊ လုပ်တဲ့ ကောင်ကတော့ မေ့နေပြီပေါ့၊ ဒါပေမဲ့ ခံရတဲ့ ကောင်ကတော့ မမေ့သေးဘူးမောင်''

ဟု ဆိုကာ မိုးသီးတို့ ကို မသိမသာ ဝိုင်းရံထား လိုက်လေ၏။ မိုးသီးကရှေ့ကို ထွက်၍ ကြက်တောအနီးသို့သွားကာ

''ဒီမှာ ကိုကြက်တော၊ ကျုပ်တို့ က ခင်ဗျားတို့ ရွာကို ဖျိုးဟစ် လာတာပါ၊ ဒါကြောင့် အလှူရှင်တွေဂုဏ်သိက္ခာပျက်အောင်ရန်ဖြစ်ဖို့ မဖြစ်နိုင်ဘူးဗျ၊ ဒီတစ်ခေါက်တော့ သည်းခံပါဗျာ''

ဟု တောင်းပန်လိုက်ရာ ကြက်တောက မကျေမနပ်ဖြင့်

'ဘာ...ဒီတစ်ခေါက်တော့ သည်းခံရမယ်မဟုတ်လား၊ ငါ ခေါင်းကိုကွဲအောင်ဆော်သွားတဲ့ ကောင်ကို ငါကသည်းခံရမှာ လား''

ဟု အော်ဟစ် လိုက်လေ၏။ မိုးသီးက သက်ပြင်းချ၍

''ခင်ဗျားတို့ ကျုပ်တို့ အာလုံးဗုဒ္ဓဘာသာတွေပါ၊ ဒါဟာ သာသနာရေးအတွက် လုပ်နေတဲ့ ရှင်ပြုအလှူပွဲပါ၊ ဒါကြောင့် သည်းခံဖို့ မေတ္တာရပ်ခံပါတယ်ဗျာ''

ဟု ပြောလေ၏။ ကြက်တောကခေါင်းခါ၍

''ဒီမှာ ဟေ့ကောင်၊ ဘုန်းကြီးကျောင်းသားလေသံနဲ့ လာလုပ် မနေနဲ့၊ ငါနဲ့ ရန်ကြွေးကိုတော့ ဆပ်ရမှ ပဲကွ''

ဟု ပြောလေ၏။ မိုးသီးကသက်ပြင်းချ၍

''ကဲ....ဒီလောက်တောင် ဖြစ်ချင်လဲဖြစ်ဗျာ၊ ဒါပေမဲ့ ဒီရွာထဲမှာ ကျုပ်

တို့ အဖွဲ့မျိုးဟစ်မယ်၊ မျိုးဟစ်ပြီး ရွာကပြန်ထွက်တဲ့ အခါခင်ဗျားတို့ ရဲ့ ရန်ကြွေးကိုရှင်းကြပေါ့''

ဟု ပြောလေ၏။ ထိုအခါ တစ်ချိန်လုံးငြိမ်၍ နားထောင်နေသော လှတိုးကလည်း

''အေး မျိုးဟစ်ပြီးရင်တော့ ငါကလဲ မင်းနဲ့ ရှင်းဖို့ အသင့်ပဲ၊ စိန်ခေါ်ရင် တိမ်ပေါ်အထိလိုက်မယ့် လှတိုးကွ''

ဟု ပြောလိုက်ရာ ကြက်တောက တဟားဟားရယ်မော၍

''မင်းကဒီအချိန်ထိ လေကမလျှော့သေးဘဲကိုး၊ ဒီနေရာဟာ ဘယ်သူနေရလဲဆိုတာ သတိထားမိရဲလား၊ အေး မျိုးဟစ်ပြီး ပြန်လာ ရင်တော့ ငါ့ခေါင်းမှာ ပတ်တီးစီးရသလို မင်းလဲစီးရစေမယ်ဟေ့၊ ဘုရားတရားသာ အောက်မေ့ပေတော့ ငါတို့ ရွာသားတွေ အလှူမှာ မစားရမှာ စိုးလို့ မင်းတို့ မျိုးအဖွဲ့ကို လွှတ်ပေးလိုက်တာ၊ ရွာကပြန် ထွက်ရင်တော့ အကြွေးဆပ်ဖို့ သာပြင်ပေတော့၊ ကြက်တောတဲ့ ကွ၊ တစ်တောတည်းရှိတယ်''

ဟု ကြိမ်းဝါလေတော့၏။ မိုးသီးသည် လှမိုးသည် လှတိုး၏ လက်ကိုဆွဲ၍ ထွက်ခဲ့လေတော့၏။

လှတိုးသည် ဒေါသူပုန်ထ၍ မိုးသီးအနောက်မှ ယက်ကန် ယက်ကန် လိုက်ပါလာ၏။

မိုးသီးသည် လှတိုးနှင့် ပေသီး၏ ပြဿနာကို မည်သို့မည်ပုံ ရှင်းရမည်နည်းဟု တွေးတောနေမိ၏။

သူသည် ရွာထဲသို့ စတင်ဝင်ရောက်ခဲ့ပြီး မျိုးဟစ်နေသော် လည်း မျိုးဟစ်ရာတွင် စိတ်မပါဘဲရှိနေလေ၏။

မိုးသီးတို့ ဗျိုးအဖွဲ့ကိုကြည့်၍ ဦးတောကျော်၏ ဆွေမျိုးများက

''ဘကြီးတောကျော်ရွာက ဗျိုးဟစ်တဲ့ ကောင်လေးတွေ ရောက်နေတယ်ဟေ့''

ဟု ဆိုကာ အိမ်ထဲသို့ ဖိတ်ခေါ်၍ အလှူ၏ အကြောင်းကို မေးမြန်းကြကုန်၏။ မိုးသီးသည် စိတ်လက်မကြည်သာစွာဖြင့် အလှူ အကြောင်းကိုပြောပြလေ၏။

ထိုအခါ ဦးတောကျော်၏ နှမဝမ်းကွဲတစ်ဦးက

'' ဟဲ့... ငါတို့ ရွာဦးကျောင်းမှာ အရှင်သုမနဆိုတဲ့ ကိုယ်တော်တစ်ပါး ရောက်နေတယ်၊ မိတ္ထီလာမှာ ဓမ္မကထိကလုပ်နေတဲ့ ရွှေမျက်မှန်ကိုယ်တော်ဆိုပဲ၊ ရွာဦးကျောင်းဆရာတော်နဲ့ စာလိုက် ဖက်မို့ရွာကို အလည်ရောက်လာတာ ညကရွာဦးကျောင်းမှာ တရား ဟောသွားတာ သိပ်ကောင်းတာပဲ၊ အဲဒီသုမနဆိုတဲ့ ကိုယ်တော်ဟာ သက်တော်ဘာမှ မရှိသေးဘူး၊ ဒါပေမဲ့ အပြောအဟောကောင်းလိုက် တာ မပြောပါနဲ့ တော့၊ ရွှေမျက်မှန်လေးတဝင်းဝင်းနဲ့ ဥပဓိရုပ်ကလဲ သန့်ပါဘိ''

ဟု ပြောလေရာ မိုးသီးသည် ဓမ္မကဝိက ရွှေမျက်မှန်ကိုယ်တော် ၏ အကြောင်းကို စဉ်းစားရင်း ခေါင်းထဲသို့ အကြံတစ်ခုလက်ခနဲ ဝင် လာလေ၏။

ထိုအကြံအောင်မြင်လျှင် သူတို့ ရွာအလှူပွဲအတွက် ပိုမိုစည်ကား လာနိုင်ဖွယ်ရှိပြီး ဗျိုးဟစ်သောကိစ္စလည်း အန္တရာယ်ကင်းရှင်း နိုင်၏။ ထို့ကြောင့် ဦးတောကျော်၏ နှမဝမ်းကွဲဘက်သို့လှည့်၍

''ဒါဆိုရင်အဒေါ်ရယ်၊ အဲဒီရွှေမျက်မှန်ကိုယ်တော်ကို ဘကြီး တောကျော်အလှူမှာ တရားပွဲတစ်ပွဲလောက် ဟောပေးဖို့ လျှောက်ထားကြည့်

ပါလား၊ ရွာအလှူမှာ ဆိုင်းရော၊ တရားပွဲပါဆိုတော့ ပိုပြီးမြိုင်မြိုင်ဆိုင် ဆိုင်ဖြစ်သွားတာပေါ့၊ နောက်ပြီးတော့ တရားပွဲ အတွက် ကိုယ်တော်ကို မြို့တက်ပြီး ခက်ခက်ခဲခဲ ပင့်ရတာ မဟုတ် တာ''

ဟု ပြောလေရာ ဦးတောကျော်၏ နှမက မျက်မှောင်ကြုတ်၍

''အေး...နင့်အကြံမဆိုးဘူး၊ ရွာဦးကျောင်းမှာ ငါလျှောက် ကြည့်ပေးမယ်၊ နင်တို့ မျိုးသမားတွေလဲ ထမင်းစားပြီးလိုက်ခဲ့ပေါ့ ဟယ်၊ ထမင်းကိုတော့ငါအိမ်မှာ ပဲစား၊ ညနေစောင်းနေပြီ ဗိုက်ဆာနေ ရော့မယ်''

ဟု ဆိုကာ မိုးသီးတို့ မျိုးအဖွဲ့အား ထမင်းကျွေးလေ၏။ ပေသီးနှင့် လှတိုးက ဆာဆာနှင့် ထမင်းကိုမြိန်ရှက်စွာစားရင်း

''ဟော့ကောင် အလှူရှင်ကို မတိုင်ပင်ဘဲ ဓမ္မကထိကဘုန်း ကြီးကို ပင့်လာလို့ ဖြစ်ပါ့မလား၊ ရွာကိုရောက်ရင် ဦးတောကျော် ကြီးက သဘောမကျရင် ဘယ်နှယ့်လုပ်မလဲ''

ဟု မေးလေ၏။ မိုးသီးက ဝက်သားတုံးကို ပန်းကန်ထဲသို့ ခပ်ထည့်ပြီး

''သူ့အလှူစည်ကားဖို့ လုပ်တာပဲ၊ သူသဘောမကျဘဲ နေမ လားကွ၊ ရွာမှာ မဏ္ဍပ်လဲ အသင့်ထိုးပြီးသားရှိတာပဲ၊ နောက်ပြီး မိတ္ထီလာမြို့က ဓမ္မကထိကအကျော်အမော်တစ်ပါးကို ပင့်လို့ ရရင် ဦးတောကျော်ကြီး သဘောမကျဘဲ မနေပါဘူးကွာ၊ ငါတို့ ကိုတောင် ချီးကျူးဦးမယ်၊ နောက်ပြီးတော့ ငါက တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် အောင်လုပ်ရတာကွ''

ဟု ပြောလေရာ လှတိုးနှင့် ပေသီးမျက်မှောင်ကြုတ်၍

''ဘာတစ်ချက်ခုတ်၊ နှစ်ချက်ပြတ်လဲ''

ဟု သံပြိုင်မေးမြန်းလေ၏။ မိုးသီးက ပန်းကန်ထဲသို့ ဟင်း ထည့်ရင်း

''မင်းတို့ နှစ်ယောက်ရဲ့ ပြဿနာကိုရှင်းပေ့ါကွာ၊ ငါတို့ ရွာက ထွက်တာနဲ့ ကြက်တောနဲ့ ကျွဲကြီးတို့ က မင်းတို့ နဲ့ ရန်ဖြစ်ဖို့ စောင့် နေပြီး၊ ရန်မဖြစ်ဝံ့လို့ အဖော်နဲ့ ရွာပြန်မယ်ဆိုရင်လဲ ငါတို့ သိက္ခာ ကျတယ်၊ အခုလိုမမျှော်လင့်ဘဲ ဓမ္မကထိကကိုယ်တော်ကို ပင့်ပြီး ရွာကထွက်သွားရင် တော့ ငါတို့ ကို ဘယ်သူမှ ရန်ရှာဝံ့မှာ မဟုတ်ဘူး ၊ သိက္ခာလဲမကျတော့ဘူး''

ဟု ပြောလေရာ ပေသီးနှင့် လှတိုးသည် ရယ်မော၍ ပေသီးက

''ဟား ဟား ဟား ဟုတ်တယ်၊ မင်းအကြံသိပ်ကောင်း တယ်၊ ငါတို့ လဲ ဒေါသဖြစ်ဖြစ်နဲ့ သာ ဟိုကောင်တွေကို ကြိမ်း မောင်းခဲ့တာကွ၊ ဗျိုးဟစ်ထွက်ရင်း ရန်ဖြစ်ရင်ရွာက လူတွေဆူပူ လို့ ဆုံးမှာ မဟုတ်ဘူး ၊ အခုတော့ ဒီကောင်တွေငါတို့ ကို ကြည့်ပြီး အောင့်သက်သက်နဲ့ ခံရမှာ မြင်ယောင်သေးတယ်ကွာ''

ဟု ပြောဆိုလေ၏။

ထို့နောက်တွင် မူ ဦးတောကျော်၏ နှမနှင့် မိုးသီးတို့ ဗျိုးသမား များသည် ရွာဦးကျောင်းသို့သွားကာ ရွှေမျက်မှန်ကိုယ်တော်ကို တရားဟော ပင့်ရလေ၏။ အစပိုင်းတွင် ဓမ္မကထိကကိုယ်တော်သည် အလှူရှင်ကိုယ်တိုင်မပါသဖြင့် အင်တင်တင်ပြုနေသော်လည်း မိုးသီး က အလှူရှင်ဦးတောကျော်၏ ချမ်းသာကြွယ်ဝပုံနှင့် အလှူအား ဝေဿန္တရာမင်းကြီး၏ အလှူတမျှ ကြီးကျယ်ခမ်းနားကြောင်း ချဲ့ကား ပြောဆို လိုက်လေရာ ရွှေမျက်မှန်ကိုယ်တော်သည် တရား ဟောရန် သဘောတူလေ၏။

သို့သော် ရွှေမျက်မှန်ကိုယ်တော်က

''နေဦး ဒကာ၊ ကျုပ်ကို အလှူရှိတဲ့ ရွာကိုသွားဖို့ မြို့မှာ လို ကောင်းကောင်း မွန်မွန်လုပ်ပေးပါ''

ဟု တောင်းဆို လိုက်လေရာ မိုးသီးသည် မျက်လုံးပြူးသွားလေ ၏။ အဒေါ်ကြီးသည် အထစ်ထစ်အငေ့ါငေ့ါဖြင့်

''တပည့်တော်တို့ ရွာမှ ဘယ်လိုလုပ် မြို့မှ လို ကားရှိမှာ လဲ၊ ကိုယ်တော်ရဲ့ စည်တော်တွေ ဘာတွေဘယ်ရှိပ့ါမလဲ''

ဟု လျှောက်တင်လိုက်ရာ ရွှေမျက်မှန်ကိုယ်တော်က ခေါင်းခါ ၍

''ရွာမှာ ကားမရှိတာတော့ ကျုပ်လဲသိတာပေ့ါ၊ နွားလှလှ ဆွဲတဲ့ လှည်းယဉ်ကောင်းကောင်း တော့ရှိမှာ ပေါ''

ဟု မေးမြန်းလေ၏။ သူကြီးကဝင်၍

''ရှိပါတယ်ဘုရား၊ တပည့်တော်ရဲ့ နွားဖြူကြီးတွေက အလွန်လှပြီး လှည်းယဉ်ကလဲ သိပ်ကောင်းပါတယ်၊ အလှငှားဖို့ လုပ်ထားတာပါ''

ဟု ပြောလေရာ ရွှေမျက်မှန်ကိုယ်တော်သည် သဘောကျ သွားလေ၏။ ထို့ကြောင် ရွှေမျက်မှန်ကိုယ်တော်က

''ဒါဆိုရင် လှည်းယဉ်ကို ကော်ဇော်ခင်းပြီး အလှူလုပ်တဲ့ ရွာကို သွားကြတယ်၊ လှည်းပေါ်မှာ မောင်းတဲ့ သူနဲ့ ကိုယ်တော် တစ်ပါးပဲပါရမယ်''

ဟု တောင်းဆိုလေ၏။ သူကြီးက ခေါင်းတဆတ်ဆတ် ညိတ်၍

''ကိုယ်တော်ပြောတဲ့ အတိုင်းဖြစ်စေရပါမည် ဘုရား''

သူကြီးသည် ဦးတောကျော်နှင့် အမျိုးနီးစပ်တော်သူဖြစ်သဖြင့် အလှူသို့ရွှေမျက်မှန်ကိုယ်တော် တရားဟောရန် စိတ်အားထက်သန် နေရှာ၏။

သူကြီး၏ လှည်းယဉ်သည် လွန်စွာလှပပြီး တစ်စီးလုံး အပြောက်အ

မွမ်းများ ဖြင့် တန်ဆာဆင်ထား၏။ လှည်း၏ ကိုယ်ထည် တွင် ငှက်ရုပ် အမျိုးမျိုးထွင်းထုထား၏။ သူကြီးသည် လှပသော လှည်းယဉ်နှင့် ပတ်သက်၍ လွန်စွာဂုဏ်ယူလိုလှ၏။ ထို့ကြောင့် လှည်းယဉ်ပေါ်သို့ အနီရောင်ကော်ဇော်ကြီးခင်းကာ နွားကန်ကြိုးများ ကို ပန်းပွားများ တပ်ဆင်လေ၏။

နွား၏ လည်ပတ်ကြိုးများ တွင် လည်း လွန်စွာနားဝင်ချိုသော ခြူလုံးလေးများကို တပ်ဆင်ထား၏။ ပြီးနောက် ရွှေမျက်မှန်ကိုယ် တော်အား ရွာဦးကျောင်းသို့ သွားရောက်ပင့်ဖိတ်လေ၏။

ရွှေမျက်မှန်ကိုယ်တော်သည် လှည်းကိုကြည့်၍ သဘောကျ သွားလေ၏။ သို့သော်လှည်းပေါ်သို့ ရောက်သောအခါ မျက်မှောင် ကြုတ်၍

''သူကြီး လှည်းမှာ သာသနာအလံထောင်ပါဦး''

ဟု တောင်းဆိုပြန်ရာ သူကြီးသည် ဆရာတော်ထံမှ သာသနာ့ အလံကိုအလှူခံ၍ လှည်းပေါ်တွင် ထောင်လေ၏။ ထိုအခါမှ ပင် ရွှေမျက်မှန်ကိုယ်တော်က လှည်းထွက်ခွင့်ပြုလေ၏။ ရွှေမျက်မှန် ကိုယ်တော်၏ လှည်းအနောက်တွင် မိုးသီးတို့ ဗျိုးသမားများ ၏ လှည်းကအနောက်မှ လိုက်လေ၏။

ဤသို့ဖြင့် လှည်းနှစ်စီးသည် ရွာထဲမှ တရွေ့ရွေ့ထွက်ခဲ့လေ ၏။ ပေသီးက မိုးသီး၏ ခါးကို တထောင်ဖြင့် တွတ်၍ တီးတိုးရယ် မောကာ

''ဟီ ဟီ မင်းအကြံမဆိုးဘူးကွ၊ ရွာကိုပြန်ဖို့ ငါ့ခြေထောက် တွေညောင်းနေတာနဲ့ အတော်ပဲ၊ အခုတော့ လှည်းနဲ့ ဘာနဲ့ ပြန်တယ်၊ လှည်းပေါ်မှာ လည်း သရက်သီးတွေ၊ ငှက်ပျောသီးတွေနဲ့ စားစရာ တွေ စုံလို့ ''

ဟု ပြောလေ၏။

ရွှေမျက်မှန်ကိုယ်တော်၏ လှည်းသည် ရှေ့မှ ဦးဆောင်၍ ရွာထဲမှ တ ရွေ့ရွေ့ထွက်ခွာလာခဲ့ရာ ရွာပြင်သို့ရောက်လေ၏။

ရွှေမျက်မှန်ကိုယ်တော်သည် လှည်းပေါ်တွင် တင်ပျဉ်ခွေ ထိုင်ပြီး လှ ည်းသမားအား ဟိုကပ်မောင်းပါလား၊ သည် ကပ်မောင်း ပါလားဟု ဆ ရာကြီးလုပ်၍ ကြိမ်းမောင်းရင်း လိုက်ပါ လာလေရာ လှည်းသမားသည် တင်ပ့ါတင်ပ့ါ ဟု ဆိုရင်းလွန်စွာ စိတ်ညစ်နေ လေ၏။

ထိုအခိုက်မှာ ပင် လှည်းလမ်းပေါ်တွင် တုတ်ကိုယ်စီကိုင်ထား သော ကြက်တောတို့ လူစုကိုတွေ့ရလေ၏။

ကြက်တောတို့ သည် ရွှေမျက်မှန်ကိုယ်တော်၏ လှည်းနောက် တွင် အခန့်သားလိုက်ပါ လာပြီး ငှက်ပျောသီးများကို တဝတပြဲ စားသောက် နေသော မိုးသီးတို့ ဗိုျးအဖွဲ့ကို မယုံနိုင်ဟန်ဖြင့် ငေးမော နေလေ၏။

လှည်းလမ်းပေါ်တွင် ရပ်နေသော ၎င်းတို့ လူစုကြောင့် လှည်း သမား က ကွေ့ဝိုက်ရှောင်တိမ်းခိုင်းရာ လှည်းသည် လမ်းပေါ်မှ နဘေးသို့ ချော် ကျသွားလေ၏။

ထိုအခါရွှေမျက်မှန်ကိုယ်တော်သည် ကြက်တောတို့ လူစုအား လွန်စွာဒေါသထွက်သွားပြီး

''ဟေ့ကောင်တွေ မင်းတို့ ဘယ်ရွာကလဲ''

ဟု အော်ဟစ်မေးမြန်းလိုက်ရာ ကြက်တော်က အထစ်ထစ် အငေါ့ ငေါ့ဖြင့်

''တပည့်တော် ဒီရွာကပါပဲ''

ဟု ဖြေလေ၏။ ရွှေမျက်မှန်ကိုယ်တော်သည် ကြက်တော်၏ အဖြေကြောင့် ပိုမိုဒေါသထွက်သွားပြီး

''ဩော်..မင်းတို့ က ဒီရွာသားတွေဖြစ်နေပြီး ငါလာတာကို လမ်းပေါ်က မခန့်လေးစားနဲ့ ပိတ်ရပ်ဝံ့တယ်ပေါ့၊ လက်ထဲမှာ လဲ တုတ်ကြီးတွေနဲ့ ဘာလဲ မင်းတို့ က လူဆိုးတွေလား''

ဟု ကြိမ်းမောင်းလိုက်ပြန်ရာ ကြက်တောက လက်အုပ်ချီ၍

''မဟုတ်ပါဘူးဘုရား''

ဟု အထစ်ထစ်အငေါ့ငေါ့ဖြေလေ၏။

ရွှေမျက်မှန်ကိုယ်တော်သည် ဒေါမာန်မပြေသေးဘဲ

''နေဦး၊ ငါတရားပွဲက ပြန်လာမှ ဒီကိစ္စကို မင်းတို့ ဆရာ တော်နဲ့ တိုင်ပြီးဆုံးမခိုင်းဦးမယ်''

ဟု ပြောလေရာ ကြက်တောတို့ လူစုသည် မျက်စိမျက်နှာပျက် သွားပြီး

''ဆရာတော်နဲ့တော့ မတိုင်ပါနဲ့ ဘုရား''

ဟု ဝိုင်းဝန်းတောင်းပန်ကြလေ၏။ အဘယ့်ကြောင့် ဆိုသော် ၎င်းတို့၏ ဆရာတော်ကြီးသည် လွန်စွာစိတ်တိုတတ်ပြီး အပြစ်ရှိ သည် ဟု ယူဆလျှင် ရွာသားများအား ကြီးငယ်မဟူ ကြိမ်လုံးဖြင့် ရိုက်နှက်တတ် သောကြောင့် ဖြစ်၏။ ထို့နောက် ရွှေမျက်မှန် ကိုယ်တော်က လှည်းသမားအား

''ထွက်''

ဟု ခိုင်းစေလိုက်ရာ နွားများက ရုန်းသော်လည်း လှည်းသည် နွံထဲသို့

ကျနေသဖြင့် မထွက်နိုင်ဘဲရှိလေ၏။

လှည်းမထွက်နိုင်သဖြင့် မိုးသီးတို့ က လှည်းကိုတွန်းမည်ဟန် ပြင်လေရာ ရွှေမျက်မှန်ကိုယ်တော်က

''မင်းတို့ လှည်းအောက်ကို မဆင်းကြနဲ့ ''

ဟု တားဆီးလိုက်ပြီး ကြက်တောတို့ ဘက်သို့လှည့်ကာ

''ဟေ့ကောင်တွေ မင်းတို့ ကြောင့် လှည်းနွံနစ်ရတာ၊ ဒါကြောင့် လှည်းကို အမြန်ဆုံးတွန်းတင်စမ်း''

ဟု အမိန့်ပေးလိုက်ရာ ကြက်တောတို့ လူစုသည်

''တင်ပ့ါဘုရား''

ဟု ဆိုကာ ပုဆိုးများကို ခါးတောင်းကြိုက်ကြလေ၏။

ထိုနောက်ရွံ့နွံထဲသို့ဆင်းကာ ရွှေမျက်မှန်ကိုယ်တော်၏ လှည်းကိုတွန်းတင်ပေးလေ၏။

ထိုမြင်ကွင်းကိုကြည့်၍ လှတိုးက တဟားဟားရယ်မောလိုက် ရင်း

''ဟီး ဟီး ငါ့ကိုခေါင်းကွဲအောင် ရိုက်မယ်ဆိုတဲ့ ကောင်တွေ ပုဆိုးခါးတောင်းကြိုက်ပြီး လှည်းတွန်းနေရတယ်''

ဟု တီးတိုးပြောဆိုလေတော့၏။ လှည်းဘီးသည် ရွံ့နွံ့ထဲသို့ ဘီးတစ်ဝက်မျှ နစ်ဝင်နေသည် ဖြစ်ရာ ကြက်တောတို့ လူစုသည် ချွေးတဒီးဒီးကျအောင် တွန်းတင်ရရှာ၏။

အတန်ကြာအောင် ပင်ပန်းကြီးစွာ တွန်းတင်ပြီးမှ လှည်းသည် လမ်းပေါ်သို့ ပြန်ရောက်လေရာ ကြက်တောတို့ သည် မြေပေါ်တွင် ပက်လက်ပစ်လဲကျကျန်ရစ်ခဲ့လေ၏။ မိုးသီးက သက်ပြင်းချလိုက်ပြီး

''ပြဿနာတစ်ခုတော့ ရှင်းသွားပြီး''

ဟု ရေရွတ် လိုက်လေ၏။ ရွှေမျက်မှန်ကိုယ်တော်သည် လှည်း သမားကို စိတ်မချဟန်ဖြင့် မိုးသီးတို့ လှည်းကို ရှေ့မှ မောင်းနှင် ခိုင်းလေ၏ ။

လှည်းနှစ်စီးသည် ရွာတစ်ရွာသို့လွန်မြောက်ပြီးနောက် ထိုရွာ ၏ ရွာဦးစေတီကိုမြင်သောအခါ ရွှေမျက်မှန်ကိုယ်တော်က ဖူးမျှော်ချင် သည် ဟု ဆိုကာ လှည်းပေါ်မှ ဆင်း၍ ဖူးမျှော်လိုက်သေး၏။ မိုးသီးတို့ လှည်းသည် ဓမ္မကထိက ကိုယ်တော်၏ လှည်းကိုစောင့်ရင်း ရှေ့မှ ခပ်ဖြည်းဖြည်းမောင်းလေရာ ကျွဲကြီးတို့ ရွာအနီးသို့ နီးကပ်လာ လေ၏။

ထိုအခိုက်မှာ ပင် လှည်းလမ်းနဘေးရှိ မြေကွက်လပ်သို့ လက် ဇွေ့ကျော်ကျွဲကြီးတို့ လူစုရောက်ရှိ လာပြီး ကျွဲကြီးက လှည်းကို ပိတ်ရပ်လိုက်ပြီး

''ဘယ်လိုလဲပေသီး၊ စိန်ခေါ်ရင်တိမ်ပေါ်အထိလိုက်မယ်ဆို၊ အခု တော့ သွေးကြောင်လို့ နွားလှည်းနဲ့ ပြေးပြီလား''

ဟု ပြောဆိုလေရာ ပေသီးက တဟားဟားရယ်မော၍

''ဟားဟားဟား မကြောက်ပါနဲ့ကွာ၊ မတစ်ထောင်တစ် ကောင်ဘွား ၊ ကျားဆိုမှ ကျားပဲ၊ ဒါပေမဲ့ ဒီနေ့တော့ လက်ဇွေ့ထိုးဖို့ မဖြစ်ဘူး၊ သည်းခံကွာ''

ဟု ဆိုလေ၏။

ထိုအခါ ကျွဲကြီးက မျက်နှာရှုံ့မဲ့သွားပြီး

''ဘာလို့ မဖြစ်ရမှာ လဲ''

ဟု အူကြောင်ကြောင်မေးလေ၏။

ထိုအခိုက်မှာ ပင် ရွှေမျက်မှန်ကိုယ်တော်၏ လှည်းသည် သာသနာအ လံတလူလူလွင့်၍ နောက်မှ ရောက်ရှိ လာလေ၏။

ကျွဲကြီးတို့ အုပ်စုသည် အဆန်းတကြယ်မွမ်းမံထားသော လှည်းပေါ်တွင် ရွှေမျက်မှန်တဝင်းဝင်းဖြင့် လိုက်ပါလာသော ဓမ္မ ကထိက ကိုယ်တော်ကိုတအံ့တသြကြည့်နေစဉ် ရွှေမျက်မှန်ကိုယ်တော်

''ဘာဖြစ်ပြန်ပြီလဲဟေ့''

ဟု မေးမြန်းလေရာ ပေသီးက ရယ်မောရ်၍

''ဟောဒီကလူတွေ လှည်းလမ်းပေါ်မှာ ပိတ်နေလို့ ပါ''

ဟု ပြောလိုက်ရာ ရွှေမျက်မှန်ကိုယ်တော်က ဒေါသတကြီးဖြင့်

''ဟေ့ကောင်တွေ မင်းတို့ ယဉ်ကျေးမှုမရှိဘူးလား၊ ငါတို့ နေ မဝင်ခင် ခရီးသွားရမှာ နားမလည်ဘူးလား၊ လမ်းပေါ်က အမြန်ဆုံး ဆင်းပေးစမ်း''

ဟု ကြိမ်းမောင်းလိုက်ရာ ကျွဲကြီးတို့ လူစုသည် လှည်းလမ်း အောက်သို့ ကမန်းကတန်းဆင်းပေးရလေ၏။ ထိုခေတ်က တောရွာ များ တွင် ရဟန်းတော်များ ၏ အရှိန်အဝါနှင့် သြဇာအလွန်ကြီး၏။

ရွာဦးကျောင်းဆရာတော်၏ စကားကို တစ်ရွာလုံးသူကြီးက အစ တလေးတစားလိုက်နာတတ်သော ခေတ်ကာလပင်ဖြစ်ပါ သည် ။

ပေသီးက ရယ်မော၍

''ဟဲ ဟဲ ဒီတစ်ခါတော့ သည်းခံကွာ၊ နောက်တစ်ကြိမ် ဆိုရင်တော့ ပဝါမကူရေမရှူကြေး ထိုးကြမယ်ဟေ့၊ မင်းကံကောင်း  သွားတယ်မှတ်

ပါ''

ဟု တီးတိုးပြောလိုက်ရာ ကျွဲကြီးသည် မခံချိမခံသာဖြစ်ပြီး ကျန်ရစ်ခဲ့လေ၏။

လှည်းနှစ်စီးသည် ၎င်းတို့ လူစုကို လွန်မြောက်သောအခါမှ ပင် မိုးသီးသည် ကောင်းစွာသက်မချနိုင်လေ၏။

သူတို့ ဗိုလ်အဖွဲ့ အောင်မြင်ပြီးဆုံးခဲ့ရုံမက တရားဟော ဓမ္မ ကထိက ကိုယ်တော်တစ်ပါးပင် အဆစ်ပါလာ၏။

မိုးသီးတို့ လှည်းသည် ညနေမစောင်းမီ ရွာသို့ဝင်ခဲ့လေ၏။ ရွာသို့ ရောက်သောအခါ အလှူရှင်ဦးတောကျော်တို့ လင်မယားအား ရွှေမျက်မှန်ကိုယ်တော်၏ အကြောင်းကို ပြောပြလေရာ၎င်းတို့ အား ဝမ်းသာအားရဖြင့် ကိုယ်တော်ကို ကြိုဆိုကြလေ၏။

ကိုယ်တော်အတွက် တရားပွဲကို ထိုနေ့ညတွင် စီစဉ်ပေးရန် ပြင်ဆင်ကြလေ၏။

ရွှေမျက်မှန်ကိုယ်တော်ထိုညတွင် သီတင်းသုံးရန် ရွာဦး ကျောင်း ဆရာတော်သို့ပင်လျှောက်ထားလေရာ ဆရာတော်က သူ၏ ကျောင်းရှိ အကောင်းဆုံးအခန်းတွင် နေထိုင်စေ၏။

ဆရာတော်ကြီး၏ ကျောင်းသည် ကြီးမားသော နှစ်ထပ်ကျောင်းကြီးဖြစ်ရာ ရွှေမျက်မှန်ကိုယ်တော်သည် သဘောကျသွား လေ၏။ ရွာသူရွာသားများ သည် မိတ္ထီလာမြို့မှ ဓမ္မကထိက အကျော် အမော် တစ်ပါးရောက်နေသည် ဆိုသဖြင့် ယနေ့ညတွင် တရားနာရန် စိတ်အား ထက်သန်နေကြ၏။

ထို့ကြောင့် ဦးတောကျော်က ရွှေမျက်မှန်ကိုယ်တော်ရှိရာ ရွာဦးကျော

င်းသို့သွားရောက်လျှောက်ထားရာ ကိုယ်တော်က

'ကျုပ်ခရီးပန်းလာတယ်၊ ဒီညတော့ တရားဟောလို့ မဖြစ် နိုင်ဘူး၊ အိပ်ရေးဝဝအိပ်ပြီး အားရှိမှ ဟောမယ်၊ မနှောင့်ယှက်ပါနဲ့ ''

ဟု တောင်းဆိုလေရာ အလှူရှင် ဦးတောကျော်သည် မျက်လုံး ပြူး သွားပြီး

''တင်ပ့ါ တင်ပ့ါ''

ဟု ဆို လိုက်လေ၏။ ရွှေမျက်မှန်ကိုယ်တော်က

''တင်ပ့ါ တင်ပါလုပ်မနေနဲ့ ကျုပ်ပြောတာတွေကို မလိုက်နာ ရင် တရားပွဲကို ဖျက်လိုက်မှာ ပဲ'''

ဟု ရာဇာသံပေးလိုက်ရာ ဦးတောကျော်သည် ရွှေမျက်မှန် ကိုယ်တော်၏ စကားများကို စာနှင့် ရေးမှတ်ရလေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ ဦးတောကျော်က မိုးသီး ကို ခေါ်၍

''မင်းတို့ ပင့်လာတဲ့ ရွှေမျက်မှန်ကိုယ်တော်က တရားဟော ရင်ဖြင့် ဘယ်လိုနေမလဲမသိဘူး၊ တောင်းဆိုလိုက်တာတွေကတော့ မနည်းမ နောပါလားကွာ''

ဟု ညည်းညူရှာ၏။ မိုးသီးက ရယ်မောရှ်

''ဟဲဟဲ... မိတ္ထီလာမြို့ပေါ်မှာ နာမည်ကြီးနေတဲ့ ဓမ္မ ကထိက အကျော်အမော်ကြီးပဲ၊ တရားဟောကောင်းမှာ ပါ''

ဟု နှစ်သိမ့် လိုက်လေ၏။

ထိုအခါ ဦးတောကျော်က

'' အေး... တရားဟောကောင်းမကောင်း ညရောက်ရင် သိရမှာ ပေါ့၊ လောလောဆယ် မြောက်ပိုင်းရွာတွေလှည့်ပြီး လက်ဖက် ထုပ်ကမ်းပေး ပါဦးကွာ၊ လက်ဖက်ကမ်းရင်း ကောင်းကောင်း မွန်မွန်လဲ ဖိတ်ခဲ့နော်၊ ဒီနေ့သွားဖိတ်ရမှာ က ငါ့မိန်းမအမျိုးတွေကွ၊ သူတို့ က ပိုအရေးကြီးတယ် ''

ဟု မိန်းမကြောက်သူပီပီ မိုးသီးကို သတိပေးလေ၏။ လက်ဖက်ထုပ်ကမ်းပေးသောကိစ္စမှာ ဖျိုးဟစ်သောကိစ္စထက် များ စွာ လွယ်ကူသဖြင့် မိုးသီးသည် စိုးရိမ်သောကမဖြစ်ချေ။

လက်ဖက်ထုပ်ကမ်းရန်အတွက် ငှက်ပျောရွက် (သို့) ညောင် ရွက်ထဲတွင် လက်ဖက်အနည်းငယ်ထည့်၍ ဆီဆမ်း၊ ဆားဖြူး ကာ သုံးမြှောင်ပုံချိုး၏။ ပြီးနောက် အထုပ်မပြေစေရန် ဝါးတံဖြင့် ထိုး၍ ယူဆောင်သွားရ၏။

ဖိတ်ကြားမည့် ရွာသို့ရောက်သောအခါ အိမ်ထောင်စု အရေ အတွက် အလိုက် ရွာဆော်လက်သို့ အပ်ရ၏။

ရွာဆော်အား ဖိတ်ကြားမည့် သူက အလှူရှင်နှင့် အလှူပြုမည့် နေ့ကို ပြောပြရ၏။

ထိုအခါ ရွာဆော်က လက်ဖက်ထုပ်များကို တစ်အိမ်တက် ဆင်းဝေငှရင်း အလှူကိုနှုတ်ဖြင့် ဖိတ်ကြားရ၏။

လက်ဖက်ထုပ်တွင် ပါဝင်သော လက်ဖက်ကောင်းမွန်ပြီး ဆီရွှဲ ရွှဲ ဆမ်းထားလျှင် လက်ဖက်ကမ်းသူ မျက်နှာရ၍ ချီးမွမ်းခြင်း ခံရ၏။

လက်ဖက်ညှံ့ညှံ့၊ ဆီညှံ့ညှံ့နှင့် ကမ်းသော လက်ဖက်ထုပ်ကို အများ၏ ဝေဖန်ကဲ့ရဲ့ ခြင်းခံရတတ်၏။

မိုးသီးသည် ရွာသူကလေးများ ထုပ်ထားသော လက်ဖက် ထုပ်များကို တောင်းထဲတွင် ထည့်၍ နွားလှည်းပေါ်တင်ကာ လှည်း ကို ကိုယ်တိုင်မောင်းနှင်၍ ထွက်ခဲ့လေ၏။ သူသည် နွားများကိုကြိမ် တို့ ၍ ထွက်ရန်ပြင်လိုက်စဉ် ပန်းနုသည် အနီးသို့ ရောက် လာပြီး

''လမ်းမှာ စားဖို့ လက်ဖက်အုပ်နဲ့ အကြမ်းအိုးယူသွားလေ''

ဟု ဆိုကာ ယွန်းလက်ဖက်အုပ်နဲ့ အကြမ်းအိုးကို လှည်းဆီသို့ ယူလာပေးလေ၏။ မိုးသီးကရယ်မော၍

''ဒါဆိုရင်လဲ သိပ်အဆင်ပြေတာပေ့ါ၊ လက်ဖက်စားရင်း အကြမ်းသောက်ရင်း လှည်းမောင်းရမယ်၊ ပန်းနုက သိပ်အလိုက်သိ တာပဲ''

ဟု ချီးမွမ်း လိုက်လေရာ အနီးသို့ရောက်လာသော အပျိုကြီး မရွှေပုက

'' အလိုက်သိတာလဲ မပြောနဲ့ လေ၊ ဘာတဲ့ ဆောင်ခွင့် ကိုရှယ်၊ မောင်နှင့် မယ် တူယှဉ်တွဲပါလို့ ၊ နောင်တင့်တယ် လူမြင်ရဲကာမှ ယူငင်ကာချူဆင်ဆွဲပ့ါမယ်၊ ပွဲဝင်မယ့်ချောင်းသူရဲ့ လှည်းယာဉ်နဲ့ မောင်းတဲ့ ကဗျာလဲရှိတယ်''

ဟု နောက်ပြောင်လေ၏။ ထိုအခါ ပန်းနု၏ မျက်နှာ ရဲရဲနီ သွားပြီး

''အို...အစ်မကြီးကလဲ ဘာတွေ လျှောက်ပြောနေတာလဲ၊ ပန်းနုက မိုးသီးကို သနားလို့ ပါ''

ဟု ပြောလေရာ အပျိုကြီးမရွှေပုက

''အင်း ... အစကတော့ သနားလို့ သနားလို့ နဲ့ ဒီလိုပဲ စကြတာပဲဟဲ့၊ ဘာတဲ့ သီချင်းတောင်ရှိသေးတယ်၊ သနားစိတ်နဲ့ ချစ်စမ်းပါခင်ရယ်တဲ့ ''

ဟု ဆိုလိုက်ရာ ပန်းနုသည် ရှက်ကိုးရှက်ကန်းဖြင့် အပျိုကြီးကို တဖုံးဖုံးရိုက်လေ၏။ မိုးသီးက မျက်နှာပူသည် နှင့် လှည်းကို လျှင် မြန်စွာမောင်း၍ ထွက်ခဲ့လေတော့၏။

သူသည် ရွာငါးရွာကို လက်ဖက်ထုပ်ကမ်း၍ ညနေစောင်း သောအခါ ရွာသို့ပြန်ခဲ့လေ၏။

မိုးသီးရွာသို့ရောက်သောအခါ ရွာရှိကာလသားအားလုံး ဦးတောကျော်၏ မဏ္ဍပ်ရှေ့တွင် စုံစမ်းရောက်ရှိနေပြီး ရွှေမျက်မှန် ကိုယ်တော် တရားဟောရန်အတွက် တရားဟောစင်ကို ဆောက်လုပ် နေ၏။

ဦးတောကျော်သည် ရွှေမျက်မှန်ကိုယ်တော် ဂျီးထူလွန်းသဖြင့် မျက်စိမျက်နှာပျက်နေရှာ၏။

ညသို့ ရောက်သောအခါ ဦးတောကျော်၏ အလှူမဏ္ဍပ်သို့ ရွာရှိလူကုန်ရောက်ရှိနေလေ၏။ မိုးသီးသည် လူအများ ၏ နောက်တွင် ခပ်ရို့ရို့ရပ်ရင်း တရားပွဲကို နားဆင်နေမိ၏။

ရွှေမျက်မှန်ကိုယ်တော်သည် တရားဟောအလွန်ကောင်းပြီး အဆိုအပြောတို့ ပိုင်နိုင်လှသောကြောင့် ရွာသူရွာသားများ သည် လွန်စွာသဘောကျလေ၏။

ထိုညကဘုရားဟော သီရိမာဇာတ်ထုပ်ကို ပိုင်ပိုင်နိုင်နိုင် ဟောပြောသွားလေရာ ရွာသူရွာသားများ သည် ရွှေမျက်မှန်ကိုယ်တော် ကို အစွဲကြီးစွဲသွားလေ၏။ နောက်တစ်နေ့ ရွှေမျက်မှန်ကိုယ်တော် ပြန်ကြွမည့် နေ့တွင် ရွာသူရွာသားများ လှူဒါန်းလိုက်သော ပစ္စည်း များ သည် လှည်းတစ်စီးတိုက်စာမျှရှိလေ၏။

***